တအာင်းအမျိုးသမီးအဖွဲ့အစည်း



# တအာင်းဒေသအတွင်း
# လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ ဩဂုတ်လ အထိ

# တအာင်းဒေသအတွင်း
# လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ ဩဂုတ်လ အထိ

# မိတ်ဆက်ခြင်း

၂၀၂၆ ခုနှစ် ဇန်နဝါရီလ မှ ဩဂုတ်လအထိ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီမှ အာဏာသိမ်းရန်ကြိုးစားခြင်းကြောင့် အကြမ်းဖက်စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို (TWO)မှ ကွင်းဆင်းပြီး မှတ်တမ်းတင် စုဆောင်းထားပါသည်။

အထူးသဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်များဖြစ်သည့် မိုးမိတ်၊ နောင်ချိုကျောက်မဲ၊ လားရှိုး၊ တန့်ယန်း၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ် နှင့် နမ့်ခမ်းမြို့နယ်များတွင် TWOမှ လက်လှမ်းမှီသလောက်သာ ကောက်ယူထားသည့် အချက်အလက်များ ဖြစ်ပါသည်။

ဤအချက်အလက်များသည် ဧလတာတွင် ဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေကို လူထုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ သိရှိနားလည်ပြီး လိုအပ်သည့်အကူအညီထောက်ပံ့မှုများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဒေသအတွင်း ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ချိုးဖောက်သည့် သက်ဆိုင်ရာအစုအဖွဲ့များမှ ပိုမိုသတိမူလာစေပြီး ထိရောက်သည့် အရေးယူမှုများဖြင့် ပြန်လည်ထိန်းကျောင်း ကြပ်မတ်လာနိုင်စေရန်နှင့် အရပ်သား ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ပေးနိုင်သည့် ယန္တရားများကို သက်ဆိုင်ရာအဖွဲ့အစည်းမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ရည်ရွယ်ပါသည်။

# ဖြစ်ပွားနေသည့်ဖြစ်စဉ်များ

## (၁) မြေမြှုပ်မိုင်းများနှင့် စစ်လက်နက်ကြွင်းကျန်ပစ္စည်းများ ပေါက်ကွဲခြင်းကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှု

(၈)လအတွင်း TWO ၏ ကောက်ယူမှတ်တမ်းတင်ထားသည့် အချက်အလက်အရ အသုံးပြုပြီး မပေါက်ကွဲသေးသည့် စစ်လက်နက်ကြွင်းကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ ပေါက်ကွဲမှု (၄၅) ကြိမ်အထိ ဖြစ်ပွားခဲ့ပြီး ကလေး ၃ ဦးအပါအဝင် (၇) ဦးသေဆုံးပြီး ကလေး (၇) ဦး အပါအဝင် ထိခိုက်သူစုစုပေါင်း (၄၂)ဦး ရှိခဲ့သည်။

စစ်ပွဲပဋိပက္ခဖြစ်ပွားခဲ့သည့် မြို့နယ်များတွင် မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ကြွင်းကျန်ပစ္စည်းများသည် ပြည်သူများမှ အသက်ရှင်သန်ရေး ရုန်းကန်ရာတွင် နေ့စဉ်ဘဝအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေသည်။ မြေမြှုပ်မိုင်းများကို စိုက်ပျိုးရေးခြံများ၊ တောင်ယာစိုက်ခင်းနှင့် လယ်ယာများ၊ လူနေအိမ် ခြံဝန်းနေရာများ၊ အများပြည်သူသွားလာသည့် လမ်းမကြီးများ၊ စာသင်ကျောင်း ပရဝုဏ်အတွင်း နေရာများသည့် အများဆုံးပေါက်ကွဲသည့်နေရာ ဖြစ်နေသည်။

အထူးသဖြင့် နောင်ချိုမြို့နယ်သည် မိုင်းကြောင့် ထိခိုက်မှုအများဆုံး မြို့နယ်ဖြစ်သည်။ အခြားမြို့နယ်များတွင်လည်း တိုက်ပွဲကာလအတွင်း မပေါက်ကွဲသေးသည့် ဒုံးကျည်များ၊ လက်နက်ကြီး၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများစသည့် စစ်လက်နက်ကြွင်းကျန်များကို ဒေသခံပြည်သူများက ကောက်ယူ သိမ်းဆည်းမိခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်မိရာမှ တဆင့် ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်သေဆုံးမှုများ ဖြစ်ခဲ့သည်။



ပြီးခဲ့သည့် ဇန်နဝါရီလတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာမှ နေအိမ်ဝန်းအတွင်း မိုင်းနင်းမိပြီး ညာခြေထောက် ဖြတ်လိုက်ရသည့် ဒေသခံအမျိုးသမီးတစ်ဦး။



## (၂) လက်နက်ကြီး၊ ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သားထိခိုက်မှု

၂၀၂၆ ခုနှစ် မတ်လအတွင်း ကိုးကန့်တပ်မတော် (MNDAA)မှ တအာင်းတပ်မတော် (TNLA) ထိန်းချုပ်ထားသည့် ကွတ်ခိုင်မြို့ကို တိုက်ခိုက်ခဲ့သည့်ကာလအတွင်း ရပ်ကွက်နှင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခြင်းနှင့် ဒရုန်းများဖြင့် အလုံးအရင်းအသုံးပြုခြင်းတို့ကြောင့် အရပ်သား သေဆုံးသူ (၅) ဦးရှိပြီး ကလေး (၅) ဦးအပါအဝင် ထိခိုက်ဒဏ်ရာရသူ (၁၀) ဦး၊ စုစုပေါင်းထိခိုက်သူ (၁၅)ဦး ရှိခဲ့သည်။ ထို့အပြင် အရပ်သားနေအိမ်များ၊ ဘုန်းကြီးကျောင်းများလည်း ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။



## (၃) အရပ်သားများအား ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း

(၈)လအတွင်း လက်နက်ကိုင်အဖွဲ့အစည်းများမှ အပြစ်မဲ့အရပ်သားများကို ဖမ်းဆီးခြင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းဖြစ်စဉ် (၆)ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။


တိုက်ပွဲကာလတွင် ရိုက်နှက်ခံခဲ့ရသည့် ကွတ်ခိုင်ဒေသခံ အမျိုးသားတစ်ဦး

အကြမ်းဖက်စစ်ကောင်စီမှ အရပ်သားပြည်သူများကို တော်လှန်ရေးအစုအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲကာ မတရားဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းရှိသကဲ့သို့ နည်းမျိုးစုံညှဉ်းပန်းနှိပ်စက်ခံရပြီး ပြန်လည်လွတ်မြောက်လာသူများထံမှ မှတ်တမ်းရရှိခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၆ ခုနှစ် မတ်လအတွင်း ကွတ်ခိုင်မြို့၌ MNDAAမှ တိုက်ပွဲအတွင်း ပါဝင်ပတ်သက်မှု မရှိသည့် အရပ်သားပြည်သူများကို အတင်းအဓမ္မဖမ်းဆီးခြင်း၊ သံတုတ်ဖြင့်ရိုက်နှက်ခြင်းနှင့် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းစသည့်ဖြစ်စဉ်များ ပါဝင်သည်။ ထို့အပြင် တိုက်ပွဲကာလအတွင်း MNDAA မှ နမ့်ဖတ်ကာကျေးရွာရှိ အရပ်သားနေအိမ်ကို မီးရှို့ဖျက်ဆီးချိန် မီးငြိမ်းသတ်ရန်သွားသည့် အရပ်သားကို စနိုက်ဘာသေနတ်ဖြင့် ပစ်သတ်ခြင်းဖြစ်စဉ်နှင့် လူမှားပစ်သတ်ခဲ့သည်ဆိုသည့် ဖြေရှင်းချက်ဖြင့် ကွတ်ခိုင်မြို့နယ်၊ မန်ပိန်းရွာသူကြီးကိုလည်း ရည်ရွယ်ချက်ရှိရှိ ပစ်သတ်ခြင်း ဖြစ်စဉ်များလည်း ပါဝင်သည်။





## (၄) ယမ်းသိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် အရပ်သားများ သေဆုံးခြင်းနှင့် နေအိမ်အများအပြား ပျက်စီးခြင်း

ပြီးခဲ့သည့် မေလတွင် နမ့်ခမ်းမြို့နယ် ကောင်းတပ်ကျေးရွာတွင် ယမ်းသိုလှောင်ရုံ တစ်ခု အရှိန်အဟုန်ပြင်းစွာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် ကလေး (၁၈) ဦး အပါအဝင် အရပ်သား (၄၃) ဦး အထိ သေဆုံးမှုရှိခဲ့ပြီး ကလေး (၅၅) ဦးအပါအဝင် ရွာသား (၁၈၂) ဦးအထိ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ကျေးရွာအတွင်း စာသင်ကျောင်း၊ ဘာသာရေး အဆောက်အအုံ၊ အများသုံးခန်းမဆောင်၊ စာကြည့်တိုက်များအပါအဝင် နေအိမ်စုစုပေါင်း (၇၁၄) အိမ်အထိ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်။



*နမ့်ခမ်းမြို့နယ် ကောင်းတပ်ကျေးရွာ ယမ်းသိုလှောင်ရုံ ပေါက်ကွဲမှုမြင်ကွင်း*

## (၅) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

(၈) လတာကာလ တအာင်းဒေသအတွင်း မိန်းကလေးငယ်နှင့် အမျိုးသမီးများသည် စစ်ပဋိပက္ခ၏ ခါးသီးမှုဒဏ်ကို ခံစားနေရသည့်အပြင် အတင်းအဓမ္မပြုကျင့်ခံရခြင်း၊ အိမ်တွင်းအကြမ်းဖက်ခံရခြင်း၊ လူကုန်ကူးခံရခြင်း စသည့်အကြမ်းဖက်မှုများစွာ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်။

ဒေသအတွင်း အတင်းအဓမ္မပြုကျင့်မှု (၄)ခု၊ အိမ်တွင်းရေးဖောက်ပြန်မှု (၈)ခု၊ အိမ်တွင်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (၁၁)ခု၊ အမျိုးသားမှ ကွာရှင်းခွင့်မပေးမှု (၄)ခု၊ လူကုန်ကူးမှု (၅)ခု၊ ရိုက်နှက်ခံရမှု (၁)ခု၊ ကလေးမွေးဖွားစဉ် သေဆုံးမှု (၁)ခု စုစုပေါင်း ဖြစ်စဉ် ၃၄ခုကို မှတ်တမ်းတင်ခဲ့ပြီး TWO မှ လိုအပ်သည့်ဝန်ဆောင်မှုများကို ကူညီပေးခဲ့သည့် ဖြစ်စဉ်များဖြစ်သည်။

ဒေသအတွင်း နိုင်ငံရေးမတည်ငြိမ်မှု အခြေအနေများအကြား တိုးတက်လာသည့် KTV လုပ်ငန်းများ၊ အဆင့်မြင့်မူးယစ်ဆေးဝါးများ၊ လောင်းကစားလုပ်ငန်းများနှင့် သဘာဝ သယံဇာတ စီမံကိန်းများကြောင့် လိင်ဖျော်ဖြေရေးလုပ်ငန်းများလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာသည့်အတွက် မိန်းကလေးငယ်များသည် လိင်လုပ်သားဘဝသို့ ရောက်ရှိလာကြသည်။ အကျိုးဆက်အနေဖြင့် အိမ်တွင်းရေးပြဿနာတိုးပွားလာခြင်း၊ အိမ်တွင်းရေးဖောက်ပြန်ခြင်း၊ ရောဂါကူးစက်မှုနှုန်း တိုးပွားလာခြင်းများဖြစ်ပွားနေပြီး အိမ်ထောင်ပြိုကွဲမှုဖြစ်စဉ်များ ဖြစ်လာသည်။ အိမ်ထောင်ရေးဖောက်ပြန်ခြင်းနှင့်ပတ်သက်ပြီး TWO ထံလာရောက်အကူအညီတောင်းခံသည့် အမှုဖြစ်ရပ် (၇)မှု ရှိခဲ့ပြီး လိုအပ်သော ဥပဒေလမ်းကြောင်းသွားခဲ့သော်လည်း သက်ဆိုင်ရာအာဏာပိုင်၏ အရေးယူဆောင်ရွက်မှု အားနည်းနေသေးသည်။



ကျောက်မဲမြို့နယ်တွင် မတရားဖမ်းဆီးခံရသည့် မိန်းကလေးငယ်တစ်ဦး

ထို့အပြင် အမျိုးသမီးများမှ အိမ်တွင်းရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ရင်ဆိုင်နေကြရ



ပြီး လူမှုပတ်ဝန်းကျင်များက သာမန်ဖြစ်စဉ်ဟု မှတ်ယူပြီး လျစ်လျူရှုထားခံရခြင်း၊ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်မှု အားနည်းခြင်းတို့ကြောင့် ကျူးလွန်သူများမှ အကြမ်းဖက်ရန် ပိုမိုရဲတင်းလာကြပြီး ဖြေရှင်းရန် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ ထို့ကြောင့် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေအဆင့်ထိ ဖြစ်သော်လည်း သက်ဆိုင်ရာ အာဏာပိုင်များထံ တိုင်ကြားမှုများ ရှားပါးနေသည်။ ထိုသို့ သာမန်ဖြစ်စဉ်ဟုသာ သတ်မှတ်ထားသော်လည်း TWO ထံ ဝန်ဆောင်မှုရယူသည့် အမှုပေါင်း (၁၀) ခုကျော် ရှိခဲ့သည်။

ထို့အပြင် အတင်းအဓမ္မပြုကျင့်ခံရမှုနှင့် ပတ်သက်ပြီး လာရောက်အကူအညီတောင်းသည့် ဖြစ်စဉ်များပေါ် ဥပဒေလမ်းကြောင်းအရ အရေးယူဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးနိုင်သကဲ့သို့ ယနေ့အချိန်ထိ ထွက်ပြေးလွတ်မြောက်နေသည့် တရားခံများလည်း ရှိနေသည်။


## အချက်အလက်ရယူသည့် နည်းလမ်းများ


ဤအချက်အလက်များသည် တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ ဝန်ထမ်းများက မြေပြင်သို့ကွင်းဆင်းပြီး နစ်နာသူနှင့် ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများနှင့် တွေ့ဆုံခြင်း၊ မေးမြန်းခြင်း ပြုလုပ်ပြီး အချက်အလက်များကို လက်လှမ်းမှီသလောက် ကောက်ယူစုဆောင်းခဲ့ပါသည်။ ထို့အပြင် ကွင်းဆင်းအချက်အလက်ရယူရန် အခက်အခဲရှိသော မြို့နယ်၊ ဒေသများတွင် အွန်လိုင်းဖြင့် ဆက်သွယ်မေးမြန်းခြင်းဖြင့် အချက်အလက်များကို လက်ခံရရှိခဲ့ပါသည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ လက်လှမ်းမမှီနိုင်သော ဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ယခုထက် ပိုမိုများနိုင်ပါသည်။

# ၄၈

# စုစုပေါင်းဖြစ်ပွားခဲ့သည့်ဖြစ်စဉ်


၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ







| လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် ထိခိုက်သေဆုံးမှု ဖြစ်စဉ် စုစုပေါင်း | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သေဆုံးခြင်း | | | | ဒဏ်ရာရခြင်း | | | | စုစုပေါင်း |
| စဉ် | လူ့အခွင့်အရေးချိုးဖောက်မှုများ | စုစုပေါင်း | ၁၈ နှစ်အောက် ကလေး(က) | ၁၈ နှစ်အောက် ကလေး(မ) | ၁၈ နှစ် အထက်(က) | ၁၈ နှစ် အထက်(မ) | ၁၈ နှစ်အောက် ကလေး(က) | ၁၈ နှစ်အောက် ကလေး(မ) | ၁၈ နှစ် အထက်-က | ၁၈ နှစ် အထက်-မ | |
| ၁ | မြေမြှုပ်မိုင်း | ၂၅ | ၂ | | ၂ | ၂ | ၁ | ၂ | ၂၄ | ၁၂ | ၄၅ |
| ၂ | အသုံးပြုပြီး မပေါက်ကွဲသေးသည့် စစ်လက်နက်ကြွင်းကျန်ပေါက်ကွဲခြင်း | ၃ | ၁ | | | | ၄ | | ၁ | | ၆ |
| ၃ | စိတ်ထင်တိုင်း မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း | ၃ | | | | | ၁ | ၁ | ၇ | ၁ | ၁၀ |
| ၄ | အရပ်သားပြည်သူများအပေါ် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း | ၈ | | ၁ | ၁ | ၃ | ၁ | ၄ | ၁ | ၄ | ၁၅ |
| ၅ | သတ်ဖြတ်ခြင်း | ၄ | | | ၃ | ၁ | | | ၁ | | ၅ |
| ၆ | ညှင်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာပြုမူခြင်း | ၄ | | | | | | | ၉ | | ၉ |
| ၇ | Ammunition warehouse explosion – ယမ်းသိုလှောင်ရုံပေါက်ကွဲခြင်း | ၁ | ၁၂ | ၆ | ၅ | ၂၀ | ၃၁ | ၂၈ | ၃၂ | ၄၈ | ၁၈၂ |
| ၈ | ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း | ၄ | | | | | | | | | ၀ |
| ၉ | အရပ်သားများအပေါ် လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း | ၂ | | | | ၁ | ၁ | ၂ | ၁၁ | ၁ | ၆ |
| | | ၆၄ | ၁၅ | ၇ | ၁၁ | ၂၇ | ၃၉ | ၃၇ | ၇၆ | ၆၆ | ၂၇၈ |

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ ဩဂုတ်လအထိ ကလေးနှင့် အမျိုးသမီးများ၏ဖြစ်စဉ်များ





| ၈ လတာအတွင်း ကလေးသူငယ်နှင့် အမျိုးသမီးများ၏ အမှုဖြစ်စဉ်များ | | | ၁၈ နှစ် အောက်(မ) | ၁၈ နှစ် အထက်(မ) | စုစုပေါင်း |
|---|---|---|---|---|---|
| 1 | အဓမ္မပြုကျင့်မှု | ၃ | ၂ | ၁ | ၃ |
| 2 | အဓမ္မပြုကျင့်ရန် ကြိုးပမ်းခြင်း | ၁ | | ၁ | ၁ |
| 3 | အိမ်ထောင်ရေးဖောက်ပြန်ခြင်း | ၈ | | ၈ | ၈ |
| 4 | အိမ်တွင်းအကြမ်းဖက်မှု | ၁၁ | | ၁၁ | ၁၁ |
| 5 | အိမ်ထောင်ကွာရှင်းပြတ်စဲခြင်း | ၄ | | ၄ | ၄ |
| 6 | ကျား/မအခြေပြုဆိုင်ရာ အကြမ်းဖက်မှု | ၁ | | ၁ | ၁ |
| 7 | လူကုန်ကူးခြင်း | ၅ | ၁ | ၄ | ၅ |
| 8 | လိင်ပိုင်းဆိုင်ရာအရာ အကြမ်းဖက်မှု | ၁ | | ၁ | ၁ |
| စုစုပေါင်း | | ၃၄ | ၃ | ၃၁ | ၃၄ |




ပစ္စည်းဥစ္စာနှင့် ဖျက်ဆီးခြင်းနှင့် သိမ်းဆည်းခြင်း

| စဉ် | လူ့အခွင့်အရေးချိုးဖောက်မှုများ | မြို့နယ် | နေအိမ်များ | ဘာသာရေးအဆောက်အဦး | အများသုံးအဆောက်အဦးများ | စာသင်ကျောင်း |
|---|---|---|---|---|---|---|
| ၁ | နေအိမ်နှင့် ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း | နမ့်ခမ်း | ၇၁၄ | ၁၂ | ၃ | ၁ |
| | | မိုးမိတ် | ၃ | | | |
| | | ကွတ်ခိုင် | ၁၅ | | | |
| | | | ၇၃၂ | ၁၂ | ၃ | ၁ |

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ဖြစ်စဉ်ပေါင်း




ဇန်နဝါရီလမှ ဩဂုတ်လအထိ စုစုပေါင်း ဖြစ်စဉ် **၉၈**

## တအာင်းအမျိုးသမီးအဖွဲ့အစည်း

ဒီမိုကရေစီစနစ်သို့ကူးပြောင်းကျင့်သုံးလာသည့် မြန်မာနိုင်ငံသည် မြို့ပြနှင့် ကျေးလက်ဒေသတို့တွင် ပြောင်းလဲတိုးတက်မှုအချို့ရှိလာသည်။ တအာင်းလူထုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ပြီး တအာင်းအမျိုးသမီးထုသည်လည်း လိင်ကွဲပြားမှုအပေါ် အခြေခံ၍ အပယ်ခံရခြင်းနှင့် ခွဲခြားဆက်ဆံမှုခံနေရဆဲဖြစ်သည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်းသည် ထိုအကြောင်းအရင်းများကြောင့် တအာင်းပြည်သူလူထု၏ လိုအပ်ချက်များကို အကောင်အထည်ဖော်နေသော စီမံချက်များကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။


www.taangwomen.org

idrd@taangwomen.org